ဆန္ဒင်းကုန်းကျေးရွာ

မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆန္ဒင်းကုန်းကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တဘာလ

## မာတိကာ


| | |
|---|---|
| မာတိကာ | ၁ |
| အတိုကောက်စကားလုံးများ | ၄ |
| စကားချီး | ၅ |
| ကုလကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကျောက်ဆည်မြို့နယ် | ၇ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | **၈** |
| (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၈ |
| (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၀ |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၁၀ |
| (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| (ဃ) ကျန်းမာရေး နှင့် အာဟာရ | |
| (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| (စ) ကျားမဆိုင်ရာဆက်နွယ်မှု | |
| (၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၃ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၈ |

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**
**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**
**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**
**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**
**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**
**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**
**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**
**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**
**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**
**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**
**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**
**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**
**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ
ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
**ဇယား ၂၅ ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း
ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
**ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**
**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |

| | |
|---|---|
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဥ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဆန္ဒင်းကုန်းကျေးရွာ
မိုးညှင်းမြို့နယ်

ဆန္ဒင်းကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်စုတွင်ပါဝင်ပြီး ဆနွင်းကုန်းကျေးရွာဟု ဖော်ပြပါရှိပြီး နန့်မွန်းကျေးရွာ၏ မြောက်ဘက်ခရီး (၂)မိုင်ခန့်အကွာတွင် အင်းတော်ကြီးအင်း၏ အရှေ့ဘက်အင်းပတ်လမ်း ဖွံ့ဖြိုးရေး လမ်းပေါ်၌ တည်ရှိပါသည်။လမ်းအခြေအနေမှာ ကျောက်ခင်းလမ်း ယိုယွင်းနေပြီးဖြစ်သည်။ မိုးညှင်းမြို့နယ် လမ်းမနှင့်ဆိုလျှင် (၂)မိုင်ခန့်ကွာဝေးပြီးမြို့နှင့်ဆိုလျှင် မိုင်(၂၀)ကျော်ခန့် ကွာဝေး ကျေးရွာ၏ အရှေ့ဘက်၌ လယ်ယာမြေနှင့်တောင်တန်းကြီးတည်ရှိပြီးတောင်ဘက်တွင် မြို့လမ်းမှ ဆက်သွယ်ထားသော ဆက်သွယ်ထားသော ဆက်သွယ်ရေးလမ်းကျောက်ခင်းနှင့် လယ်ကွင်းများရှိ ပြီးအနောက်ဘက်တွင်လယ်ယာမြေများရှိပြီး အင်းတော်ကြီးအင်းကိုလည်း (၂)မိုင်ခန့်အကွာအဝေးမှ မြင်ရပြီးမြောက်ဘက်တွင် ရွာချင်းဆက်အင်သာကျေးရွာတည်ရှိပါသည်။

ကျေးရွာ၏ ဖွံ့ဖြိုးရေးနှင့် ပတ်သက်လျှင် လမ်းကတော့ရှိပြီး ယိုယွင်းနေပြီးကျောင်းပညာရေး အသင့်အတင့် ကျောင်းဆောင်အဆောက်အဦများလဲ အသင့်အတင့် ကျန်းမာရေးဆေးခန်းနေရာချ ပေးခြင်းသာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

ဆနွင်းကုန်းကျေးရွာသည် လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။

ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ လယ်ယာမြေစိုက်ပျိုးရာမှာ ဆည်ရေ ရေလှောင်တမံများမှ သောက်ဖို့အသုံးမပြုနိုင်ပါ။ အချို့မှာ မိုးရေခံဖြစ်ပြီး အချို့မှာ တောင်ကျစမ်းရေ ထောင်ပေါ်မိုးရေမှ စီးဆင်းလာသော ချောင်းများမှ ကိုယ်ထူကိုယ်ထ သစ်ခက်ဝါးခက် ဆည်များဖြင့်

အသုံးပြုပြီး ကျေးရွာ၏ လယ်မြေကေ(၁၁၈၀)ကေကို စိုက်ပျိုးနိုင်ပြီး ကျန်ကျေးရွာများလည်း ဆက်စပ်လယ်မြေအများအပြားရှိပါသေးသည်။

မြေအောက်ရေလည်း အသုံးမပြုနိုင်ပါ။ လယ်ယာမြေလုပ်ငန်းကို အဓိက စီးပွားရေးလုပ်ငန်း အဖြစ်လုပ်ကိုင်ကြပြီး၊ ထွက်ကုန်စပါး၊ပဲပုတ်၊ မုန့်ညှင်းအဓိက စိုက်ပျိုးကြသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်စု ဆန္ဒင်းကုန်းကျေးရွာ အိမ်ထောင်စု လူဦးရေ (၂၄၉)နှင့်၊ ကျား(၆၈၇)ဦး၊မ(၇၂၀)ဦး၊ လူဦးရေပေါင်း (၁၄၀၇)ဦးရှိပြီး တစ်အိမ်ထောင်စုလျှင် ပျမ်းမျှ (၅)နှုန်းရှိပြီး နိုင်ငံတော်၏ ကျေးရွာတွင် ဗမာလူမျိုးအများစု နေထိုင်ပြီး နှင့် ရှမ်းနီမျိုးနွယ်စုများနေထိုင်ကြသည်။ လူသားအရင်းအမြစ်သည် လူငယ်များကို အသိပညာ၊ အတတ်ပညာ သင်တန်းများ သက်မွေးဝမ်းကျောင်း နည်းပညာများနှင့် အသိပညာပေးသော ဟောပြောပွဲများကို ပြုလုပ်ကျင်းပပေးခြင်း နည်းပညာများ သင်ကြားပို့ချပေးပြီး နယ်မြေဒေသ စီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ဆန္ဒင်းကုန်းကျေးရွာ၏ အဓိက ဝင်ငွေလုပ်ငန်းသည် လယ်ယာမြေစိုက်ပျိုးရေးဖြစ်ပြီး ကျေးရွာနေလူထု၏ ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် လျော့နည်းပါသည်။

ကျေးရွာ၏ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၅၅%)သည် ဆင်းရဲသော အိမ်ထောင်စုဖြစ်ပြီး (၂၀%)သည် ပြေလည်သည့်အိမ်ထောင်စုဖြစ်ပြီး (၂၅%)သည် အလယ်အလတ်အဆင့်အိမ်ထောင်စု အဆင့်ရှိသည်ဟု သတ်မှတ်ကြသည်။ ဆန္ဒင်းကုန်းကျေးရွာတွင် လယ်မြေ၊ယာမြေပိုင်ဆိုင်မှု(၅၆%)နှုန်းနှင့် လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှုနှင့်အသုံးပြုမှုတို့ အားလျော်စွာ နိုင်ငံတော်သေ့ချက်နှင့် ဆည်မြောင်း တာတမံများ မရှိပေမဲ့ မိုးကာလ တောင်ကျ စမ်းရေ/ချောင်းမြောင်းရေကို ကိုယ်ထူကိုယ်ထလယ်သမားများ စုပေါင်းပြီး သစ်ဆည် တည်ဆောက်ကာ ရေသွင်း စိုက်ပျိုးမှုတို့ကြောင့် ဆန္ဒင်းကုန်းကျေးရွာ၏ စီးပွားရေး အနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ ပြေလည်သည့် လယ်သမားများအပြင်မှ အခြားလယ်သမားမိသားစုများမှာ လယ်ငှားလုပ်ခြင်း၊ ဆန်ကြိတ်စက်၊ ရွှေ့ပြောင်းအလုပ်စသည့် လုပ်ငန်းများ၌ လည်း အလုပ်လုပ်ကြသည်။

ကျေးရွာတွင် ဆင်းရဲအိမ်ထောင်စုသည် အများဆုံးဖြစ်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် လယ်ယာလုပ်ငန်းများကို ရာသီအလိုက် လယ်ယာလုပ်ငန်းများကို လုပ်ကိုင်ပြီး စီးပွားရေး၊ လူမှုရေး၊ကျန်းမာရေး၊ပညာရေးစသည့် အခြေအနေကောင်းများဖြစ်လာစေရန် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြေခံပြီး အိမ်ထောင်စုတစ်စု၏ မိသားစုသည် ဝိုင်းဝန်းလုပ်ကိုင်ကြရသည်။ သို့ဖြစ်ပါ၍ ယင်းမိသားစုကို ထိခိုက်နစ်နာစေပြီး ဆင်းရဲနွမ်းပါး နိုသည့် ပြဿနာမှာ မူးယစ်ဆေးများပေါများမှုကြောင့် မူးယစ်ဆေးသုံးစွဲမှု၊ တစ်ဦးတစ်ယောက် သာမက များပြားလာမှုတို့ကြောင့် ထိခိုက်လွယ်သည့် ပြဿနာ ကျန်းမာရေး၊ လူမှုရေး၊စီးပွားရေး၊ ပညာရေး ထိခိုက်နိုင်ပြီး ၎င်းနှင့်အတူ နောက်ဆက်တွဲပြဿနာမှာ မိသားစု ကျန်းမာရေးရောဂါ ကူးစက်မှု၊ ဆင်းရဲမှု ဘဝပါဆုံးနိုင်ပါသည်။

မူးယစ်ဆေးသည် လူသားအရင်းအမြစ် ထိခိုက်လွယ်သည့် ပြဿနာဖြစ်သည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ဆန္ဒင်းကုန်းကျေးရွာ အတွင်း ကျန်းမာရေး အခြေအနေမှာ သာမာန်အားဖြင့် ကောင်းသည်ဟု ဆိုရပါမည်။ အဟာရလည်း အတော်အသင့် ပြည့်ဝကြသည်။ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးဖျား များဖြစ်ပါသည်။

ငှက်ဖျားရောဂါသည် အများဆုံးဖြစ်ကြသည်။ ဝမ်းပျက် ဝမ်းလျှောရောဂါမှာ အနည်းငယ်သာ ဖြစ်သည်။ အခြားကူးစက်ရောဂါမှာ မူးယစ်ဆေးသုံးစွဲမှု အကျိုးဆက်မှ ကူးစက် ရောဂါများလည်း ရှိသည်ဟု သိရသည်။ ကျန်းမာရေးနှင့် ပတ်သက်သည့် သိကြသည်။ ဝမ်းပျက် ဝမ်းလျှောရောဂါမှာ အနည်းငယ်သာ ဖြစ်သည်။ အခြားကူးစက်ရောဂါမှာ မူးယစ်ဆေးသုံးစွဲမှု အကျိုးဆက်မှ ကူးစက် ရောဂါများလည်း ရှိသည်ဟု သိရသည်။ ကျန်းမာရေးနှင့် ပတ်သက်သည့် သိကောင်းစရာ အသိပညာ ပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

တိုက်နယ်ဆေးရုံနှင့် ရွာချင်းဆက် သွယ်ရေးလမ်း (၂)မိုင်ခန့်တွင်ရှိပြီး ကျေးရွာတွင်လည်း ကျေးလက်ကျန်းမာရေး ဌာနခွဲဆေးခန်းလည်းရှိသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ဆန္ဒင်းကုန်းကျေးရွာတွင် အခြေခံပညာရေး ပတ်သက်ပြီး အတော်အသင့်ရှိကြသည်။ ကျေးရွာတွင် အခြေခံပညာကို သင်ကြားနိုင်ကြသည်။

အထက်တန်းပညာ သင်ကြားအောင်မြင်ပြီး အဆင့်မြင့် တက္ကသိုလ်ပညာ၊ နည်းပညာ အတတ်ပညာ ဘွဲ့ရကျောင်းသားများ အသင့်အတင့်ရှိကြသော်လည်း အသက်မွေးဝန်းကျောင်းနိုင်မှု ကျွမ်းကျင်မှု အတတ်ပညာ နိမ့်ကျလျှက်ရှိသည်။ လူငယ်လူရွယ်များအတွက် အတတ်ပညာ၊ နည်းပညာ အခွင်းအလမ်းကောင်းများ နည်းပါးဆဲဖြစ်သည်။

**(စ) ကျား၊မဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား၊မ ရေးရာ ကိစ္စအနေအထားအရ လွတ်လပ်မှုရှိသည်။ ကျား မရေးရာဆိုင်ရာ တာဝန်ယူမှုကဏ္ဍများ၌ ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြ သော်လည်း အချို့မှာ စီးပွားရေးပြေလည်သည်ဟု သာမာန်အားဖြင့် မြင်နိုင်ပေမဲ့ စိတ်ချမ်းသာမှု မရှိတာလဲရှိပြီး အချို့မှာ စီးပွားရေးမပြေလည် စိတ်ချမ်းသာမှု မရှိကြသည့် အိမ်ထောင်စု (၅.၂)%ခန့် ရှိသည်ဟု တွေ့ရှိရပါသည်။

ယင်းတို့၏ စီးပွားရေးမပြေလည်မှု အိမ်ထောင်ရေး မပြေလည်မှု ကိုယ်စိတ်နှစ်ပါး မချမ်းသာမှု မူလအရင်းအမြစ်ဖြစ်ရပ်မှာ မူးယစ်ဆေးအလွန်အကျွံ သုံးစွဲမှု ပေါ်များနေမှုတို့ကြောင့် နောက်ဆက်တွဲပြဿနာမှာ အကြီးမားဆုံးတွေ့ရှိရသည်။ အသိပညာရေး အောက်တန်းကျခြင်း ယင်းတို့ကြောင့် ကူးစက်ရောဂါ ဝေဒနာခံစားရပြီး လူညွှန့်တုံးဘဝတုံးဖြစ်ကြရသည်။ ၎င်းတို့၏ မိသားစုမှ သားသမီးတို့သည် ပညာရေး ဖွံ့ဖြိုးမှုနည်းပါးမှုတို့ကြောင့် မူးယစ်ဆေးနဲပတ်သက်၍ သော်လည်း လူမှုရေး၊ စီးပွားရေးနှင့် သက်ဆိုင်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် ပညာသင်ကြားရေးတွင် ဆင်းရဲချမ်းသာ ကျား/မ ခွဲခြားမှုမရှိ သင်ကြားပေးလျှက်ရှိသည်။

**၄။ကဏ္ဍာအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့(၂)ဖွဲ့ရှိပြီး ဘာသာရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့ရှိပါသည်။ ကျေးရွာတွင် အရေးအကြီးဆုံးဖြစ်သော အဖွဲ့တစ်ဖွဲ့မှာ အသိပညာအတတ်ပညာများအားနည်းပြီး စီမံခန့်ခွဲမှုမှာလည်း အားနည်းနေသည်။

ထို့ကြောင့် စီမံမှုနည်းစနစ်များ သိရှိရန် အသိပညာပေးဟောပြောမှုလိုအပ်နေပါသည်။ ကျေးရွာတွင်းရှိကျန်တစ်ဖွဲ့မှ လုပ်ဆောင်မှုအားကောင်းသော်လည်း လိုအပ်ချက်များရှိနေသေးသည်။

ကျေးရွာတွင်းရှိဘာသာရေးဆိုင်ရာ အဖွဲ့မှာလည်း ဘာသာရေးကိစ္စများ လူမှုရေးကိစ္စများ တွင်ပါဝင်ဆောင်ရွက်ပြီး အားအကောင်းဆုံးအဖွဲ့ဖြစ်ပါသည်။

ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု ရှိသော်လည်း အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်း များစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမို တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာရှိ တောင်သူများသည် စပါးနှင့်ပဲပုတ်ကိုသာ အဓိကထား စိုက်ပျိုးကြသည်။ စပါးများကို မိုးစပါးသာ စိုက်ပျိုးပြီး သီးထပ်အဖြစ် ပဲပုတ်ကို စိုက်ပျိုးကြသည်။ မိုးစပါး၏ ပျမ်းမျှအထွက်နှုန်းမှာ (၁)ဧက ၉၀တင်းနှုန်းထွက်၏။တောင်သူများသည် ဆည်၊ ရေလှောင် တမံများမရှိသဖြင့် မိုးရွာသွန်းမှု မှန်မှသာလျှင် စပါးများ အထွက်နှုန်းမှန်နိုင်၏။ တောင်သူအများစု သည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှသာ အလုပ်သမားများကို ငှားရန်းရရှိနိုင်ကြသဖြင့် ကုန်ကျစရိတ်မှာ မြင့်မား ရသည်။ ထို့ကြောင့် စက်မှုလယ်ယာသို့ ကျယ်ပြန့်စွာ ကူးပြောင်းလုပ်ကိုင်နိုင်ကြရန် ငွေကြေးအရင်း အနှီးနှင့် နည်းပညာဗဟုသုတများ ရရှိရန် လိုအပ်နေပါသည်။ ရွာရှိတောင်သူတို့သည် သီးထပ်အဖြစ် ပဲပုတ်ကိုသာ စိုက်ပျိုးလေ့ရှိသည်။ဤနေရာဒေသတွင် ပဲပုတ်သည်အလွန်ပင် ကောင်းမွန်၏။ တောင်သူများအတွက် အားထားရာတစ်ခုလဲ ဖြစ်လေသည်။ သို့သော် မိုးရွာသွန်းမှုအားနည်းနေလျှင် ပဲပုတ်စိုက်ခင်းများတွင် ပိုးများဝင်ရောက်တတ်၏။ ယင်းဖျက်ပိုးတို့သည် ပိုးသတ်ဆေးအချို့ကို ခံနိုင်ရည်ရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော နည်းစနစ်ကို လိုလားနေကြသည်။ အချို့နေရာများတွင် တောင်သူများ မရိတ်သိမ်းရသဖြင့် ယင်းကြွက်များကို နှိမ်နင်းနိုင်သော စနစ် ကောင်းများ လိုအပ်လျက်ရှိသည်။

ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ (၁၇%)ဝန်းကျင်သာရှိပြီး ဒေသဝက်များကို မွေးမြူကြသည်။ ဒေသကြက်များကို မွေးသည်။ ဒေသနွားမွေးမြူသည့် နေရာတွင် တစ်ရွာလုံး၏ (၆၈%)ရှိနေသည်။ ရာသီအလိုက် ဖြစ်တတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် နွားခွာနာ၊လျှာနာရောဂါများ ဖြစ်လေ့ရှိသည်။ ထိုရောဂါမှာ ကူးစက်ပြန့်ပွားမှု မြန်ဆန်လေ့ရှိသည့်အတွက် နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကု ဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမရရှိမှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် ကုန်ထုတ်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု ဈေးရောင်း အစိုးရဝန်ထမ်းများဖြစ်ကြသည်။ လက်လုပ်လက်စား အလုပ်သမားများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင်

အလုပ်အကိုင်နှင့် ပုံမှန်ဝင်ငွေ မရှိခြင်းကြောင့် အခက်အခဲများရှိသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ အများအပြားရှိပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း သင်တန်းများ မရှိသောကြောင့် ပုံမှန်ဝင်ငွေရှာရန် အခက်အခဲများရှိသည်။ ထို့ကြောင့် ကျေးရွာသို့ အလုပ်အကိုင် အခွင့်အလမ်း ပွင့်လန်းရန် အထူးလိုအပ်နေပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု ကျေးရွာပတ်ဝန်းကျင်တွင် သစ်တောများ ဖြုန်းတီးမှုကြောင့် မိုးမမှန်ခြင်း အပူရှိန်မြင့်တက်ခြင်းများ ဖြစ်လေ့ဖြစ်ထ ရှိလေသည်။ ကျေးရွာအတွင်း မိုးညီမျှမှုမရှိသောကြောင့် ကောက်ပဲသီးနှံ စိုက်ခင်းများသည်လည်း ဖျက်ပိုးများကျရောက်တတ်သဖြင့် ပိုးသတ်ဆေးနှင့် ဓာတုဓာတ်မြေသြဇာ သုံးစွဲမှုများပြားလာသည် နှင့်အမျှ သီးနှံများမှာလည်း အဟာရ နည်းပါးလာနိုင်ခြင်း မြေဆီလွှာများ အရည်အသွေး ကျဆင်းလာနိုင်ပါသည်။

ပတ်ဝန်းကျင်တွင် သုံးစွဲပြီး ပလတ်စတစ်များကို စနစ်တကျ မစွန့်ပစ်ပဲ ပတ်ဝန်းကျင်အနီးရှိ ချောင်းများတွင် စွန့်ပစ်သောကြောင့် သဘာဝ ရေနေသတ္တဝါများလည်း ဆိုးကျိုးများ ဖြစ်ပေါ်လာ နိုင်ပါသည်။ ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာသောကြောင့် ၎င်းနှင့်ဆက်စပ်သော စွန့်ပစ်ပစ္စည်းများကို ရွာအနီးပတ်ဝန်းကျင်တွင် စည်းကမ်းမဲ့သုံးစွဲစွန့်ပစ်ခြင်းကြောင့် လူနှင့်တရိစ္ဆာန်အတွက် အန္တရာယ်ဖြစ်စေနိုင်သည်။

ထို့ကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောမှု သင်တန်းများ ဆောင်ရွက်ပေးသင့်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို အတိုးနှုန်း ၇၅ပြားတို့နှင့် ၁ဧက ၁သိန်း ၅သောင်းနှုန်းဖြင့် အများဆုံး ၁၀ဧကအတွက် ချေးယူနိုင် ကြသည်။

ကျေးရွာတွင် အချို့အိမ်ထောင်စုများမှာ ငွေတိုးချေးသူများထံမှ တစ်လအတိုးနှုန်း ၁၀၀လျှင် ၄ကျပ်တိုးနှုန်းဖြင့် ၎င်းမိတ်ဆွေများ မိသားစုဝင်များထံမှ အတိုးနှုန်းမပါဘဲ ချေးယူနိုင်ကြ သေးသည်။

ကျေးရွာတွင် သမဝါယမ အသင်းဝင်များ ရှိသော်လည်း ငွေချေးရန် မလွယ်ကူချေ။ ကျေးရွာရှိအိမ်ထောင်စုများသည် ချေးငွေကို အကြောင်းအမျိုးအမျိုးအတွက် ချေးယူကြသော်လည်း အထူးသဖြင့် စားနပ်ရိက္ခာနှင့် ငွေအရင်းအနှီးအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်အများအပြားရှိကြောင်း တွေ့ရှိရသည်။

ကျေးရွာတွင် အကြွေးထားရှိမှု အခြေအနေကို လေ့လာဆန်းစစ်ချက်အရ အဆင့်၄ဆင့်စလုံးမှ အကြွေးယူထားကြပြီး အကြွေးငွေ ၂သောင်းကျပ်မှ သိန်း၁၀၀ အထိ ချေးယူထားကြကြောင်း တွေ့ရှိရသည်။ ဆင်းရဲအဆင့်နှင့် အလွန်ဆင်းရဲအဆင့်မှာ အကြွေးငွေ ၂သောင်းမှ သိန်း၆၀အထိ ချေးယူကြသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော စာသင်ကျောင်း ၂ဆောင်နှင့် မူကြို ကျောင်းတစ်ကျောင်းရှိသည်။ ပြီးနောက် ဆရာမနေအိမ်လည်း ဆောက်လုပ်ထားပြီးဖြစ်သည်။ ကျောင်းမှာ လခွဲကျောင်းဖြစ်ပြီး အလျား ၁၅၀'၊အနံ ၂၆'၊ အမြင့် ၁၄'၅" ရှိ တစ်ထပ်ကျောင်းဆောင်မှာ (၃.၁၂.၂၀၀၃)ခုနှစ်မှာ စတင်ဆောက်လုပ်ခဲ့ရာ သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေအခင်းကျောင်းကို (၃၁.၁၂.၂၀၀၅) ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ဤကျောင်းကို (၇.၁၁.၂၀၁၆)ရက်နေ့တွင် အစိုးရမှ ထောက်ပံ့ပေးသော ကျောင်းဆောင်အတွင်းပိုင်း မိုးပါးများကို ဆောက်လုပ်ပြီးစီးခဲ့သည်။ အလျား(၆၀)ပေ၊အနံ(၃၀)ပေရှိ သွပ်မိုး၊ပျဉ်ကာ တစ်ထပ်ကျောင်းတစ်ကျောင်းလည်းပါဝင်သည်။ ကျောင်းတွင် ဆရာမ (၁၀)ယောက်ရှိသည်။ လက်ရှိ ပညာသင်ယူနေသည့် ကျောင်းသား/သူဦးရေမှာ()ဦးခန့် ပညာသင်ယူလျှက်ရှိရာ ကျောင်းတွင် ဆရာမ အင်အား လုံလောက်မှုမရှိပါ၍ ပညာရေးတွင် နှောင့်နှေးနေပါသည်။ ကျောင်းတွင် ယခင်က ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော ယင်လုံအိမ်သာများမှာ ပျက်စီးနေပြီဖြစ်သည်။ သို့ဖြစ်ပါ၍ အစိုးရမှ ထောက်ပံ့ပေးသော ယင်လုံအိမ်သာ နှစ်လုံးကို သုံးစွဲကြရာတွင် ကျောင်းသား/သူများ အတွက် အခက်အခဲရှိနေပါသည်။

ကျေးရွာတွင် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ပေးထားသော ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိသည်။ ကြီးကြပ်ဆရာတစ်ဦးနှင့် သားဖွားဆရာမတစ်ဦးရှိသည်။ လျှပ်စစ်မီးရရှိသည့် အလျောက်ဆေးခန်းအတွက်လိုအပ်သော ဆေးပစ္စည်းများ သိုလှောင်နိုင်ရန် ဘီရိုနှင့် ရေခဲသေတ္တာ၊ ယင်လုံအိမ်သာ၊ မော်တာသုံးရေတုံကင်၊ ကုတင်နှင့် အခြားလိုအပ်ချက်များစွာဖြည့်ဆည်းရန် လိုအပ်နေပါသေးသည်။

သောက်သုံးရေအတွက် ရေတွင်း၊ တုံကင်၊ စိမ့်စမ်းရေကို သုံးစွဲရာတွင်ရေဆီများ အများအပြားပါရှိနေခြင်းကြောင့် ကျန်းမာရေးအတွက် ထိခိုက်မှုရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် သန့်ရှင်းသော ရေကိုသောက်သုံးနိုင်ရန် ရေသန့်စက်များ ရရှိရန် လိုအပ်သည်ဟု ယူဆမိပါသည်။

ကျေးရွာတွင်းတွင် တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် အိမ်သာနှင့်ဆက်စပ်၍ ဖြစ်ပွားတတ်သော ရာဂါများဖြစ်ပွားမှုနည်းပါးသည်။ ကျေးရွာသန့်ရှင်းရေး အနေဖြင့် အချို့သော မိသားစုများမှာ အမှိုက်များကို စနစ်တကျ စွန့်ပစ်နိုင်ခြင်း မရှိသေး၍ ယခင်ထက် သန့်ရှင်းစွာနေနိုင်ရန် အသိပညာပေးဟောပြောမှုများ လိုအပ်လျက်ရှိပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာတွင်လူငယ်များ များစွာရှိပါသည်။ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရန် အစီအစဉ်များ မရှိသေးပါ တစ်ချိန်ကလည်း မရှိခဲ့သောကြောင့် လူငယ်များ မပျက်စီးသင့်ဘဲ ပျက်စီးခဲ့ကြသည်။

ယခုအခါတွင်လည်း လူငယ်များ ဖွံ့ဖြိုးတိုးတက်ရန် အစီအစဉ်ကောင်းများ မရှိသေးသောကြောင့် လူငယ်များအတွက် စိုးရိမ်နေရပါသည်။

ထို့ကြောင့် လူငယ်များအတွက် အပန်းဖြေစရာနေရာများ လုပ်ငန်းများအပြင် အသိပညာပေးဟောပြောမှုများ လိုအပ်နေပါသည်။

ကျေးရွာရှိလူငယ်များသည် လူမှုေရးလုပ်ငန်းများ ဘာသာရေးလုပ်ငန်းများတွင်လည်း ပါဝင်မှုရှိကြသည်။ သို့သော် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးလုပ်ငန်းများ တွင် အားနည်းနေသေးသည်။

ထို့ကြောင့် လူငယ်များအတွက် စာကြည့်တိုက်လိုအပ်နေပါသည်။ ထို့ပြင် လူငယ်များအတွက် အားကစားပစ္စည်းများ လက်လမ်းမီမှုရှိသော်လည်း ကျောင်းအားကစားကွင်း တွင်သာ လေ့ကျင့်နေရသောကြောင့် ပြည့်စုံလုံလောက်သော နည်းပညာမရရှိနိုင်ချေ။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ဆန္ဒင်းကုန်းရွာသည် နန့်မွန်းနှင့် (၂)မိုင်ခန့်အကွာတွင်ရှိသော ရွာတစ်ရွာဖြစ်သည်။ လမ်းမှာ ကိုယ်ထူကိုယ်ထခင်းရသောလမ်းဖြစ်သည်။ ရေများ ကားလမ်းပေါ်သို့ မကြာခဏဖြတ်ကျော်လျှက်ရှိသည့်အတွက် ကျေးရွာသူ/သားများသည် တစ်နှစ်လျှင် နှစ်ကြိမ် သဲကျောက်များကို ခင်း၍ ပြုပြင်လျှက်ရှိသည်။ လမ်းခရီးတွင် တံတားနှစ်စင်းရှိပြီး တစ်စင်းမှာ ၁၅'အကျယ်၊ ဒုတိယတစ်စင်းမှာ ၂၂'အကျယ်ရှိ တံတားများကိုလည်း ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ် ခဲ့ကြရသည်။

ကျေးရွာရှိရွာတွင်းလမ်းမှာ သဲကိုများသောအားဖြင့် မြေသားလမ်းများဖြစ်သည်။ ရွာတွင်းတွင် ရေကြောင်းသွားလာမှုမရှိသော်လည်း တံတားငယ် ငါးစင်းကို သင့်ရုံသာ ဆောက်လုပ်ထား၍ ကားငယ်များသာ မောင်းနှင်ရန် ခိုင်ခံမှုရှိသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၆ခုနှစ်မှ စတင်သွယ်တန်းအသုံးပြုခဲ့သည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းများကို အသင့်အသင့် ကိုင်တွယ်အသုံးပြုနိုင်သည့် အတွက် ကူးသန်းရောင်းဝယ်ရေး ၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုဝန်ဆောင်မှုများအတွက် အထောက်အကူဖြစ်စေမည့် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်သာ ချိတ်ဆက်အသုံးပြုနိုင်သည်။ ရွာသားများသည် မြို့ပြများနှင့် ချိတ်ဆက်မှုအား စာပေလေ့လာမှုအား ပတ်ဝန်းကျင်လေ့လာမှု အားနည်းခြင်း တို့ကြောင့် သတင်းနှင့် ဆက်သွယ်ရေးတို့တွင် လိုအပ်ချက်များကို ကြိုးစားလေ့လာ ကြရဦး မည်ဖြစ်သည်။

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ၁၉၉၉-၂၀၀၀ခုနှစ်ခန့်က တည်ငြိမ်အေးချမ်းသော ရွာကလေးအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ထိုစဉ်က ရွာကလေး၌ လူမှုရေး၊ဘာသာရေးဆိုင်ရာလုပ်ငန်းများကို ရပ်ရွာ စည်းလုံးညီညွတ်မှုဖြင့် ပျော်ရွှင်စွာ ပါဝင်ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါကျေးရွာအတွင်းတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားစားသုံးသူ များပြား လာသည်။ ထိုသို့များပြားလာသော အကြောင်းများကြောင့် ရပ်ရွာအတွင်းရှိလူများစားဝတ်နေရေး၊ ပညာရေး၊ဘာသာရေး၊လူမှုရေးဆိုင်ရာ လုပ်ငန်းများကို လျှင်မြန်စွာ တိုးတက်နိုင်ရေးအတွက် အဟန့်အတားဖြစ်စေသည်။ ရွာသားတို့ရှာဖွေစုဆောင်းထားသော လယ်ယာထွက်သီးနှံများ၊ ကျွဲနွား တိရိစ္ဆာန်များနှင့် လူအသုံးအဆောင်ပစ္စည်းများကို ယခင်းထက်ပို၍ ထိန်းသိမ်းစောင့်ရှောက်ကြရ သည်။ မူးယစ်ဆေးစားသုံးသူများလာ၍ လယ်ယာထွက်သီးနှံများ ရောင်းချရန် သွားလာနေသော လမ်းခရီးတွင် လုယက်မှု ရွာတွင်းရှိပစ္စည်းများ ခိုးယူခံရမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အမှု အခင်းဖြစ်ပွားမှုမှာလည်း ယခင်ထက်ပိုမိုများပြားလာသည်။ ထိုသို့သော ဆိုးကျိုးများကြောင့် ရပ်ရွာ အေးချမ်းမှုနှင့် လုံခြုံမှုအတွက် စိုးရိမ်ရသော အခြေအနေတွင် ရောက်ရှိနေပါသည်။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်သော်လည်း ထိရောက်စွာ အရေးယူနိုင် ခြင်းမရှိသေးပါ။

ထို့ကြောင့် ရွာသားများ၏ တည်ငြိမ်အေးချမ်းလုံခြုံမှုကို လျှင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းကောင်းများ လိုအပ်လျှက်ရှိသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် အိမ်ထောင်စု(၁၂၉)အိမ်ရှိသည့်အနက် ၁၃၃ အိမ်ခန့်သာ ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ အသုံးပြုနိုင်ကြသည်။ ကျန်သော အိမ်ထောင်စုများမှာ ထင်းဖြင့် ချက်ပြုတ်ကြသောကြောင့် ကုန်ကျစရိတ်များသည်။ ကျေးရွာတွင်းရှိ ကျောင်းသား ကျောင်းသူများအတွက်စာဖတ်ချိန် အထောက်အပံ့ပေးခြင်း၊ ဘာသာရေးဆိုင်ရာ ဘုန်းကြီးကျောင်း အတွက် ဆီမီးပူဇော်နိုင်ခြင်း၊ လူမှုရေး စီးပွားရေး ကဏ္ဍများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည်။

ရွာတွင်းရှိ လူငယ်အများစု၏ ၄ပုံ၁ပုံသည် ဘွဲ့ရပညာတတ်များဖြစ်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ အသိပညာ၊ အတတ်ပညာဆိုင်ရာ ဗဟုသုတ ရဖွယ်များကို တိုးတက်ပြန့်ပွားနိုင်အောင် သင်တန်းများ လေ့ကျင့်ပေးနိုင်ရန် လိုအပ်ပါသည်။

ကျေးရွာတွင်နေထိုင်ကြသော လူများ၏ ကျန်းမာရေး အခြေအနေမှာ အများအားဖြင့် ကောင်းမွန်လျှက်ရှိသည်။ ကျန်းမာရေးအတွက် လိုအပ်သော ပံ့ပိုးပစ္စည်းများကို အလွယ်တကူ ရရှိနိုသည့် အနေအထား မဟုတ်သော်လည်း အနီးရှိဆေးရုံးသို့ သွားရောက်ဆေးကုသမှု ခံယူနိုင်ကြသည်။

ကျေးရွာတွင် နေထိုင်ကြသော လူအများစု ()မှာ တောင်သူများသာ ဖြစ်ကြသည်။ ဥတုရာသီ တောကိုမှီဆိုသည့် ဆိုရိုးရှိသည့်အတိုင်း ရွာအနီးရှိ သစ်တောများပြုန်းတီးမှုနှင့် မိုးလေဝသ ဖောက်ပြန်မှုကြောင့် စိုက်ပျိုးထားသော လယ်ယာမြေထွက် သီးနှံများကို အောင်မြင်စွာ ဖြစ်ထွန်းနိုင် ရန်ကြိုတင်ကာကွယ်ပေးနိုင်မည့် နည်းလမ်းများ လိုအပ်လျှက်ရှိသည်။ မိမိတို့တတ်စွမ်းသလောက် လုပ်ဆောင်လျက်ရှိသည်။ သီးနှံများ၊ လယ်မြေများသည် မြေသြအသင့်အတင့် ကောင်းမွန်သော ကြောင့် ဓာတ်မြေသြဇာသုံးစွဲမှု၊ ပိုးသတ်ဆေးသုံးစွဲမှုကို လျော့ခအသုံးပြုရန် လိုအပ်ပါသည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူရောင်းဝယ်ဖြန့်ဖြူးနိုင်စေရန် သယ်ယူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကောင်းများသည် အသင့်အတင့် အနေအထားတွင် တည်ရှိ နေပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ အသက်မွေးပညာသင်တန်းများ ရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တစ်ဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ပိုင် လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ေပးမည်။ ထိုသင်တန်းများသည် သင်တန်းသားအများ အတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

၁.၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်း တစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးသယ်များ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက် ဆောင်ရွက် မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

၁.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက် အဦများ တိုးတက်ကောင်းမွန်ရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွား ကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးရေးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေး

အတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာ အသစ်ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

## (ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကို ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများ အတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ အတွက် အထိုက်အလျောက်များပြားသည် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမ အသင်း ဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူ ရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

## (ဃ) ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်သည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများ ရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ၊ ဈေးကွက်သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်း) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေး အောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

### (င) ကျေးလက်စျေးဆောက်လုပ်ရေး

ကျေးရွာတွင် စျေးမရှိပါ။ မြို့နယ် အာဏာပိုင် အဖွဲ့အစည်းများက ရေသန့်ရှင်းရေးစနစ်နှင့် လမ်းတို့စနစ်ကျပါဝင်သည့်စျေးအဆောက်အဦတစ်ခု တည်ဆောက်ပေးရန် ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။ ဆန္ဒင်းကုန်းကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားအချို့အတွက်လည်း အကျိုးခံစားမှုရရှိစေနိုင် ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

